# အဆင့်သတ်မှတ်ခြင်း

**ကင်ဆာကို နည်းလမ်း 2 ခုဖြင့် အဆင့်သတ်မှတ်၍ရသည်-**

**လက်တွေ့စမ်းသပ်စစ်ဆေးသည့် အဆင့်**

- ခွဲထုတ်ခြင်းမပြုမီပြုလုပ်သော စစ်ဆေးမှုများအပေါ် အခြေခံသည်

**ရောဂါဗေဒအဆင့်**

- ခွဲစိတ်မှု နှင့်/သို့မဟုတ် အသားစထုတ်ယူစစ်ဆေးမှု သို့မဟုတ် တစ်ရှူး နမူနာထုတ်ယူစစ်ဆေးမှုရလဒ်များအပေါ်အခြေခံသည်
- ကုသမှုစီစဉ်ရာတွင် သုံးသည်

**အဆင့်သတ်မှတ်ခြင်းသည် ကင်ဆာမည်မျှအထိ ပျံ့နေပြီကို သမားတော် သိရှိစေရန် ထောက်ကူပေးပါသည်။**
**ဖော်ပြပါအချက်များကိုပါ ဆုံးဖြတ်၍ရစေပါသည်-**

- မူလ (ပထမ) အကျိတ်၏အတိုင်းအဆ
- ကင်ဆာက အနီးဝန်းကျင်ရှိ ပြန်ရည်ကျိတ်များသို့ ပျံ့သွားခြင်းရှိမရှိ
- ကင်ဆာက အလှမ်းကွာဝေးသည့် နေရာများသို့ပါ ပျံ့သွားခြင်းရှိမရှိ

**ကင်ဆာအဆင့်ကို အသားစထုတ်ယူစစ်ဆေးမှုအပေါ်တွင် အခြေခံ၍ ဆုံးဖြတ်၍ရတတ်သည် အသားစထုတ်ယူရန် အသုံးများသည့် နေရာများမှာ-**

- အနီးဝန်းကျင်ရှိ ပြန်ရည်ကျိတ်များ
- တင်ပါးဆုံရိုး
- ဝမ်းဗိုက်
- ရင်ဝမ်းခြားကြွက်သား
- အူဖုံးမြေးဆူ
- ဝမ်းတွင်းမြေး
- ရှိမည်ဆိုပါက ရေဖျဉ်း
- ရင်တွင်းမြှေးအရည်

**သားဥအိမ်ကင်ဆာအတွက် အဆင့်သတ်မှတ်မှု "စနစ်" နှစ်ခုရှိသည်-**

**AJCC – TNM အဆင့်သတ်မှတ်မှုစနစ်ကို ထိန်းသိမ်းမှုဆိုင်ရာ အမေရိကန် ကင်ဆာပူးတွဲကော်မတီ (American Joint Committee on Cancer)**

- T = အကျိတ် (Tumor)
- N = ပြန်ရည်ကျိတ် (Node)
- M = မူလနေရာမှ ကင်ဆာပြန့်ပွားသွားခြင်း (Metastasis)

**FIGO – အပြည်ပြည်ဆိုင်ရာ မီးယပ်နှင့် သားဖွားအဖွဲ့ချုပ် (International Federation of Gynecology and Obstetrics)**

## အဆင့်ကိုလိုက်၍ အဆင့် သတ်မှတ်မှုသည်လည်း ကွဲပြားပါသည်။

အဆင့်ဆိုသည်မှာ "တည်နေရာ" ဖြစ်ပြီး နှင့် အမျိုးအစားဆိုသည်မှာ "အဏုကြည့်မှန်ပြောင်း အောက်တွင် မြင်ရသည့် ပုံဖြစ်သည်။"

---

**AJCC အဆင့်သတ်မှတ်မှုဆိုင်ရာ ဝဘ်ဆိုက်-**

www.cancer.org/cancer/ovarian-cancer/detection-diagnosis-staging/staging.html

**FIGO သားဥအိမ်ကင်ဆာအဆင့်သတ်မှတ်မှုဆိုင်ရာ ဝဘ်ဆိုက်-**

www.sgo.org/wp-content/uploads/2012/09/FIGO-Ovarian-Cancer-Staging_1.10.14.pdf